# တရားမပထမအယူခံမှု

+ ၂၀၀၆
ဩဂုတ်လ
၂၃ ရက်

## တရားရုံးချုပ်တရားသူကြီးဦးတင်အေးရွှေ့တွင်

**ဦးမောင်မောင်စိုး**

**နှင့်**

**ဦးထွန်းတင် ***

**တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ဥပဒေ ၃ တွင် အကျုံးဝင်ရန်အတွက် လိုအပ်ချက်များ။ အမှုသည်အား ကိစ္စတစ်ခုခုဆောင်ရွက်ရန် အချိန်ပေးပြီးအမှုချိန်းဆိုသည့်နေ့တွင် အမှုသည်က ဆောင်ရွက်ရန်ပျက်ကွက်မှသာ တရားမကျင့်ထုံးဥပဒေအမိန့် ၁၇၊ နည်း ဥပဒေ ၃ ပါ ပြဋ္ဌာန်းချက်အရ ပလပ်သည့်အမိန့်ချမှတ်ရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ နှင့်အကျုံးဝင်ရန်အတွက် လိုအပ်ချက်မှာ (၁)တရားရုံးက မိမိသဘောအရ ရွှေ့ဆိုင်းခြင်းမဟုတ်ဘဲ အမှုသည်တစ်ဦးဦး၏ လျှောက်ထားချက်အရ အမှုကို ရွှေ့ဆိုင်းခြင်းနှင့် (၂)ထိုကဲ့သို့အမှုအား ရွှေ့ဆိုင်းပေးရန် လျှောက်ထားသောအမှုသည်က ပျက်ကွက်ခြင်းဖြစ်ရမည်။

---

* ၂၀၀၆ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၁၉၇

\+ ၂၀၀၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၃၆၃ တွင် ချမှတ်သော ၁၇-၂-၂၀၀၆ ရက်စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု

ယခုအမှု၌ ၆-၂-၂၀၀၆ ရက်နေ့တွင် အယူခံတရားလိုက အမှုကို ရွှေ့ဆိုင်းပေးရန် လျှောက်ထားသဖြင့် တရားရုံးကအမှုကို ရွှေ့ဆိုင်းပေးခြင်း မဟုတ်ဘဲ မိမိသဘောအရ အမှုကို ရွှေ့ဆိုင်းခြင်း ဖြစ်သည်။ သို့ဖြစ်၍ ၆-၂-၂၀၀၆ ရက်နေ့၏ နောက်ရက်ချိန်းဖြစ်သော ၁၇-၂-၂၀၀၆ ရက်နေ့တွင် တိုင်းတရားရုံးက အမှုအားပလပ်ခြင်းမှာ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ ပါပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရ ပလပ်သည့်အမိန့်မျိုးကို အမှုသည်တစ်ဦးဦးက သက်သေတင်ပြရန်ဖြစ်စေ၊ အမှုဆက်လက်ဆောင်ရွက်ရန်နှင့် အခြားကိစ္စအရပ်ရပ်ကို ဆောင်ရွက်ရန်အတွက်ဖြစ်စေ၊ တရားရုံးက အချိန်ပေးခဲ့ရာ အမှုချိန်းဆိုသည့်နေ့၌ ထိုအမှုသည် ပျက်ကွက်မှသာ လျှင် အမိန့်ချမှတ်ခြင်းပြုနိုင်သည်ဟု **ဆိုင်ရက်(စ်)အဗ္ဗဒူ(လ်)ဂဖား နှင့် အဗ္ဗဒူမဂျစ်မဟာမက်ဂျာရာပါ-၈ အမှု**[၂]တွင် လမ်းညွှန် ထားသည်။

သို့ဖြစ်၍ အမှုသည်အား ကိစ္စရပ်တစ်ခုခုကို ဆောင်ရွက်ရန် အချိန်ပေးပြီး အမှုချိန်းဆိုသည့်နေ့တွင် ထိုအမှုသည်က ဆောင်ရွက်ရန် ပျက်ကွက်မှသာ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မည်ဖြစ်သည်။

အယူခံတရားလိုအတွက် - ဒေါ်သန်းခင်
(တရားရုံးချုပ်ရှေ့နေ)

အယူခံတရားပြိုင်အတွက် - ကိုယ်တိုင် (မလာ)

---

(၂) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၄၇၄

၂၀၀၆
ဦးမောင်မောင်စိုး
နှင့်
ဦးထွန်းတင်

ရန်ကုန်တိုင်း တရားရုံး၊ ၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ် ၂၃၆၃ တွင် တရားလို ဦးမောင်မောင်စိုးကတရားပြိုင် ဦးထွန်းတင် အပေါ် ငွေကျပ် ၅၄ သိန်း ရလိုမှုစွဲဆိုသည်။ တိုင်းတရားရုံးက တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရအမှုအား ပလပ်ကြောင်း အမိန့်ချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ ဦးမောင်မောင်စိုးက ဤတရားမအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

အယူခံတရားလို၏ ရှေ့နေက အယူခံတရားလိုသည် အယူခံ တရားပြိုင်အပေါ် ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၅ ခုနှစ် တရားမကြီး မှုအမှတ် ၂၃၆၃ တွင် ငွေကျပ် ၅၄ သိန်း ရလိုမှုစွဲဆိုခဲ့ရာ အယူခံ တရားပြိုင်သည် ထွက်ပြေးတိမ်းရှောင်နေသဖြင့် တိုင်းတရားရုံးက အမှုအား တစ်ဖက်သတ်စစ်ဆေးခဲ့ကြောင်း၊ အယူခံတရားလိုက သက်သေနှစ်ဦးတင်ပြခဲ့ရာ တစ်ဦးအား စစ်ဆေးပြီးဖြစ်၍ ကျန်တစ်ဦး အား ၆-၂-၂၀၀၆ ရက်နေ့တွင် ချိန်းဆိုခဲ့ကြောင်း၊ ထိုနေ့တွင် အယူခံ တရားလိုနှင့် ရှေ့နေမလာရောက်သဖြင့် အမှုအား ၁၇-၂-၂၀၀၆ ရက်နေ့သို့ ချိန်းဆိုခဲ့ကြောင်း၊ ယင်းနေ့တွင် တိုင်းတရားရုံးက အမှုအား တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ဥပဒေ ၃ အရ ပလပ်ခဲ့သဖြင့် ဤတရားမအယူခံမှုကို တင်သွင်းရခြင်းဖြစ်ကြောင်း၊ အယူခံတရားလို သည် အယူခံတရားပြိုင်အပေါ် ရန်ကုန်တိုင်း တရားရုံး၌ တရားမကြီးမှု နှစ်မှုစွဲဆိုခဲ့သဖြင့် အမှုနှစ်ခုကိုလိုက်ပါဆောင်ရွက်ခဲ့ရကြောင်း၊ တိုင်းတရားရုံးက ၆-၂-၂၀၀၆ ရက်နေ့တွင် ချိန်းဆိုခဲ့ကြောင်း ပြောကြား ခဲ့သော်လည်း အယူခံတရားလိုက ၆-၃-၂၀၀၆ နေ့ဟု အမှတ်မှားပြီး ၆-၂-၂၀၀၆ ရက်နေ့တွင် တိုင်းတရားရုံးသို့ သွားရောက်ခဲ့ခြင်း မရှိကြောင်း၊ ထိုနေ့တွင် အယူခံတရားလိုသည် တိုင်းတရားရုံးသို့ မသွားရောက်ခဲ့သဖြင့် ၁၇-၂-၂၀၀၆ ရက်နေ့တွင်လည်း ရုံးချိန်း ပျက်ကွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ အယူခံတရားလိုပြသက်သေနှစ်ဦး

အနက် တစ်ဦးအား စစ်ဆေးပြီး တစ်ဦးကိုသာ စစ်ဆေးရန် ရှိနေသောကြောင့် အယူခံတရားလို ရုံးချိန်းပျက်ကွက်သဖြင့် ကြီးလေးသော ပြစ်ဒဏ်ပေးရန် မသင့်ကြောင်း၊ အမှုအား စစ်ဆေးဆဲအဆင့်တွင် တရားလို ပျက်ကွက်မှုအတွက် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရ အမှုအား ပလပ်ခြင်း မပြုနိုင်ကြောင်း၊ သို့ဖြစ်၍ ဤတရားမအယူခံမှုကို ခွင့်ပြုပြီး တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ကာ အမှုအား ဆက်လက်စစ်ဆေးသည့် အမိန့် ချမှတ်ပေးပါရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်ရုံးရှေ့သို့ လာရောက်ခြင်းမရှိပေ။

ရန်ကုန်တိုင်း တရားရုံးက ၂၀၀၅ ခုနှစ် တရားမကြီးမှု အမှတ် ၂၃၆၃ ၌ ၆-၂-၂၀၀၆ ရက်နေ့တွင် တရားလိုပြသက်သေအား စစ်ဆေးရန် ချိန်းဆိုခဲ့သည်။ တိုင်းတရားရုံးက ထိုနေ့တွင် အမှုခေါ်သည့်အခါ တရားလိုနှင့် ၎င်း၏ရှေ့နေမလာ၊ တရားပြိုင်မလာရောက်သဖြင့် အမှုအား ၁၇-၂-၂၀၀၆ ရက်နေ့တွင် တင်ပြရန် ချိန်းဆိုခဲ့သည်။ တိုင်းတရားရုံးက ၁၇-၂-၂၀၀၆ ရက်နေ့တွင် အမှုခေါ်သည့်အခါ တရားလိုနှင့် ၎င်း၏ရှေ့နေမလာ၊ တရားပြိုင်မလာ၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ အရ အမှုအားပလပ်ခဲ့ခြင်းဖြစ်သည်။

တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်းဥပဒေ ၃ တွင် အချိန်ခွင့်ပြုထားခြင်းခံရသော အမှုသည်တစ်ဦးသည် ၎င်း၏ သက်သေခံချက်ကို တင်ပြရန်ဖြစ်စေ၊ ၎င်း၏ သက်သေကို တရားရုံးသို့ လာရောက်စေရန်ဖြစ်စေ၊ အမှု၏တိုးတက်ရာတိုးတက်ကြောင်း အတွက် လိုအပ်သော အခြားပြုလုပ်မှုတစ်ခုကို ဆောင်ရွက်ရန်ဖြစ်စေ၊ အချိန်ခွင့်ပြုထားပြီးဖြစ်လျက် ပျက်ကွက်လျှင် ယင်းသို့ပျက်ကွက်စေကာမူ တရားရုံးသည် အမှုကို စီရင်ဆုံးဖြတ်ရန်အလို့ငှာ ချက်ချင်း ဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

RAM BUS V. RAM BAHAR အမှု(၁) တွင် In order that the provisions of Order XVII, Rule 3 of the Civil Procedure Code should be applicable, it is necessary (I) that the hearing was adjourned on the application of a party to suit as distinguished from an adjournment by the Court of its own motion and (2) that the hearing was adjourned on the application of the party who subsequently makes the default ဟုလမ်းညွှန်ထားသည်။

သို့ဖြစ်၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ဥပဒေ ၃ နှင့် အကျုံးဝင်ရန်အတွက် လိုအပ်ချက်မှာ (၁) တရားရုံးက မိမိသဘောအရ ရွှေ့ဆိုင်းခြင်းမဟုတ်ဘဲ အမှုသည်တစ်ဦးဦး၏ လျှောက်ထားချက်အရ အမှုကို ရွှေ့ဆိုင်းခြင်းနှင့်(၂)ထိုကဲ့သို့အမှုအား ရွှေ့ဆိုင်းပေးရန် လျှောက်ထားသော အမှုသည်က ပျက်ကွက်ခြင်းဖြစ်ရမည်။

ယခုအမှုကို ၆ -၂ -၂၀၀၆ ရက်နေ့တွင် အယူခံတရားလိုက အမှုကို ရွှေ့ဆိုင်းပေးရန် လျှောက်ထားသဖြင့် တရားရုံးကအမှုကို ရွှေ့ဆိုင်းပေးခြင်းမဟုတ်ဘဲ တရားရုံးက မိမိသဘောအရအမှုကို ရွှေ့ဆိုင်းခြင်းဖြစ်သည်။ သို့ဖြစ်၍ ၆-၂-၂၀၀၆ ရက်နေ့၏ နောက်ရက်ချိန်းဖြစ်သော ၁၇-၂-၂၀၀၆ ရက်နေ့တွင် တိုင်းတရားရုံးက အမှုအား ပလပ်ခြင်းမှာ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ဥပဒေ ၃ ပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်ခြင်း မရှိပေ။

တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ဥပဒေ ၃ အရပလပ်သည့်အမိန့်မျိုးကို အမှုသည်တစ်ဦးဦးက သက်သေတင်ပြရန်ဖြစ်စေ၊ အမှုဆက်လက်ဆောင်ရွက်ရန်နှင့်အခြား ကိစ္စအရပ်ရပ်ကို ဆောင်ရွက်ရန်အတွက်ဖြစ်စေ၊ တရားရုံးကအချိန်ပေးခဲ့ရာ အမှုချိန်းဆိုသည့်နေ့၌ ထိုအမှုသည်ပျက်ကွက်မှသာလျှင်အမိန့်ချမှတ်ခြင်းပြုနိုင်သည်ဟု

(၁) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး ဓာ-၁၂၀

**ဆိုင်ရက် (စ်) အဗ္ဗဒူ (လ်) ဂဖား နှင့် အဗ္ဗဒူမဂျစ်မဟာမက်ဂျာ ရာပါ-၈ အမှု**[၂]တွင် လမ်းညွှန်ထားသည်။

သို့ဖြစ်၍ အမှုသည်အား ကိစ္စရပ်တစ်ခုခုကို ဆောင်ရွက်ရန် အချိန်ပေးပြီး အမှုချိန်းဆိုသည့်နေ့တွင် ထိုအမှုသည်က ဆောင်ရွက်ရန် ပျက်ကွက်မှသာ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ဥပဒေ ၃ ပါပြဋ္ဌာန်းချက်နှင့်ညီညွတ်မည်ဖြစ်သည်။

ယခုအမှုတွင် ၁၇-၂-၂၀၀၆ ရက်နေ့တွင် အမှုအား တင်ပြရန် ချိန်းဆိုထားခြင်းသာဖြစ်ပြီး အယူခံတရားလိုက ကိစ္စရပ်တစ်ခုခုကို ဆောင်ရွက်ရန် ချိန်းဆိုထားခြင်းမဟုတ်ပေ။ အယူခံတရားလိုက ကိစ္စရပ်တစ်ခုခုကို ဆောင်ရွက်ရန်ပျက်ကွက်ခြင်းမဟုတ်၍ ထိုနေ့တွင် အယူခံတရားလို မလာရောက်သဖြင့် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၇၊ နည်း ၃ အရအမှုကို ပလပ်ခြင်း မှာမှန်ကန်မှုမရှိချေ။

ထို့ကြောင့် ဤတရားမအယူခံမှုကို ခွင့်ပြုပြီး ရန်ကုန်တိုင်း တရားရုံး၏စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ကာ အမှုကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေး စီရင်သွားရန်အမိန့်ချမှတ်သည်။

ရှေ့နေစရိတ် ကျပ် ၂၀၀/- သတ်မှတ်သည်။

မိမိစရိတ် မိမိကျခံစေ။

---

(၂) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၄၇၄